# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 19 , 2022 | Volume 58, Number 13


**၁၉.၉.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၆၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၃၂၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၉၄.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၈၉.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၈၇.၃ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၄၀၂.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၉.၂၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၃၃၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၅၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၁.၅၄၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၇၆၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး (၁၉) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ဗီဒီယိုအမှာစကားပြောကြား




https://www.commerce.gov.mm




https://www.commerce.gov.mm

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့ရှိ Nanning International Exhibition and Convention Center ၌ Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် (၁၉) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှုပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးမှ ဗီဒီယိုအမှာစကား ပေးပို့ပြောကြားခဲ့သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ် မစ္စတာဟန်ကျန့်၊ ကွမ့်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး၊ တရုတ်နိုင်ငံအခြေစိုက်အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ ကောင်စစ်ဝန်ချုပ်များနှင့် အာဆီယံ-တရုတ် ကုန်သည်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ပြီး အာဆီယံနိုင်ငံများမှ အစိုးရအကြီးအကဲများ၊ ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ကလည်း ဗီဒီယိုအမှာစကားများ ပေးပို့ပြောကြားခဲ့သည်။

ယခုပြုလုပ်သည့် (၁၉) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့မှ ၁၉ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် မြန်မာအမျိုးသားပြခန်းဆောင်နှင့် ဒေသတွင်းဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) နိုင်ငံများ ပြခန်းဧရိယာတွင် မြန်မာနိုင်ငံကိုယ်စားပြု ပြခန်းများ ပါဝင်ပြသလျက်ရှိသည့်အပြင် မြန်မာ့ပို့ကုန်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရန်အတွက် ကုန်စည်ပြခန်းဆောင်တွင် ကျောက်မျက်ရတနာများ၊ သစ်သားပရိဘောဂများ၊ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများစသည့် ကုန်စည်

ပြခန်းများကို ပြခန်း (၃၀) ပါဝင်ပြသလျက်ရှိကြောင်း သတင်းရရှိသည်။

Source: https://www.commerce.gov.mm/my/article/%E1%80%85%E1%80%AE%E1%80%B8%E1%80

## ဆန်ဈေးများဆက်တက်နိုင်ချေရှိဟု ဆန်ကုန်သည်များ သုံးသပ်


https://greenwaymyanmar.com

ပြီးခဲ့တဲ့တစ်ပတ်အတွင်း ဆန်ဈေးတစ်ချို့ထပ်တက်လာပြီး ဆက်တက်နိုင်ချေလည်း ရှိနေတယ်လို့ ဆန်ကုန်သည်တွေက သုံးသပ်ပါတယ်။

ရန်ကုန်၊ ဘုရင့်နောင်ဈေးကွက်မှာ ပေါ်ဆန်းဆန်က တစ်အိတ်ကို ၆၁၀၀၀ ကနေ ၆၃၅၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀ ကျပ်၊ ကြားပျံ့ရှယ်ကတော့ တစ်အိတ်ကို ၆၅၀၀၀ ကနေ ၆၈၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀ ကျပ်၊ ရက် ၉၀ ဆန်က တော့ တစ်အိတ်ကို ၄၇၀၀၀ ကနေ ၄၉၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၅၀၀ ကျပ်၊ သီးထပ်ရှယ်ကတော့ တစ်အိတ်ကို ၄၃၀၀၀ ကနေ ၄၄၅၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၅၀၀ ကျပ် အသီးသီး ဈေးတွေမြင့်တက်လာတာဖြစ်ပါတယ်။

နယ်ဈေးကွက်တွေမှာတော့ စပါးဈေးက ၁၂ သိန်းကနေ ၁၅ သိန်းကြားရှိနေတယ်လို့သိရပါတယ်။ ဆန်စပါးကုန်စည်ဒိုင်ကနေ ပေါ်ဆန်းဆန်တွေကို တစ်အိတ်ကို ၅၂၀၀၀ ကနေ ၇၇၀၀၀ ကြားနဲ့ ရောင်းချပေးမှုတွေ ပြုလုပ်ပေးနေပေမယ့် လက်လီဈေးကွက်မှာတော့ ပေါ်ဆန်းတစ်အိတ်ကို ငွေကျပ် ၁ သိန်းကျော်ထိ ပေါက်ဈေးရှိနေတယ်လို့ သိရပါတယ်။ အိန္ဒိယနိုင်ငံက ဆန်တင်ပို့မှုနဲ့ပတ်သက်ပြီး ကန့်သတ်လိုက်တဲ့သတင်းတွေကြောင့် အာရှဆန် အရောင်းအဝယ်ဈေးကွက်မှာ လှုပ်ခတ်သွားခဲ့ပြီး ပြည်တွင်းမှာလည်း အခုလိုဆန်ဈေးတွေ ထပ်တက်လာသလို ဆက်ပြီးတက်နိုင်ချေလည်းရှိတယ်လို့ ဆန်ကုန်သည်တွေက သုံးသပ်တာဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံမှာ မိုးနည်းပြီး စပါးအစိုက်ကျဆင်းခဲ့တဲ့အတွက် အစိုးရက ဆန်ရောင်းအား ပြည့်စုံစေဖို့နဲ့ ပြည်တွင်းဆန်ဈေး ကျစေဖို့ဆိုပြီး ဆန်တင်ပို့မှု ပိတ်ပင်ကန့်သတ်ဖို့ ဆုံးဖြတ်လိုက်တာဖြစ်ပါတယ်။ ဒီလိုပိတ်ပင်မှုကြောင့် ကမ္ဘာ့အခြေခံ အစားအစာဖြစ်တဲ့ ဆန်ဈေးနှုန်းတွေ မြင့်တက်လာနိုင်တယ်လို့ ခန့်မှန်းမှုတွေရှိနေသလို အာရှတစ်ဝန်း ဆန်အရောင်းအဝယ်လည်း ရပ်ဆိုင်းသွားခဲ့ပြီး ဝယ်လက်တွေဟာ ဗီယက်နမ်၊ ထိုင်း၊ မြန်မာဘက်က ဆန်တွေကို ပြောင်းလဲဝယ်ယူဖို့ လုပ်လာကြပေမဲ့ ရောင်းလက်တွေဘက်ကလည်း ဈေးတွေတက်နေတော့ စာချုပ်မချုပ်ဘဲ ဆိုင်းငံ့ထားကြသေးတယ်လို့ ဆန်လုပ်ငန်းထဲမှာ လုပ်ကိုင်နေသူတွေက ပြောထားပါတယ်။

**Source: AMIA**

https://greenwaymyanmar.com/posts/Rice_Market_Prices

## နိုင်ငံခြားသား ဗီဇာသက်တမ်းတိုးမည့်ကုမ္ပဏီများ မှတ်ပုံတင်ကာလ တစ်နှစ်ပြည့်ရမည်ဟု ထုတ်ပြန်

နိုင်ငံခြားသားဗီဇာ သက်တမ်းတိုးရန် တင်ပြလာသည့်ကုမ္ပဏီများ မှတ်ပုံတင်သက်တမ်းကာလမှာ တစ်နှစ်ပြည့်ရမည့် အချက်အပါအဝင် စည်းကမ်းချက်များကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပြန်သည်။

ကုမ္ပဏီများအနေဖြင့် ဗီဇာသက်တမ်းတိုးထောက်ခံချက်ရယူလိုသည့် နိုင်ငံခြားသားများအတွက် ၎င်းတို့၏ဗီဇာသက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက် ၉၀ မှ ရက်ပေါင်း ၁၂၀ အတွင်း ကြိုတင်လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံခြားသားများ၏ နိုင်ငံကူးလက်မှတ်သက်တမ်းမှာလည်း အနည်းဆုံးခြောက်လ ကျန်ရှိရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇)ကို လိုက်နာရန် ပျက်ကွက်သည့်ကုမ္ပဏီများကို ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းများအား ဥပဒေနဲ့အညီ လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။ အဆိုပါကုမ္ပဏီများကို နောက်ထပ်တစ်နှစ်ကြာပြီးမှသာ သက်တမ်းတိုးထောက်ခံခြင်းများ ဆက်လက်လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုမိန့်၊ အတည်ပြုမိန့်ဖြင့် ဆောင်ရွက်နေသည့် ကုမ္ပဏီများအနေဖြင့် MOVAS (http://movas.dica.gov.mm) တွင်သာ လျှောက်ထားရမှာဖြစ်ပြီး အွန်လိုင်းဗီဇာသက်တမ်းတိုး ထောက်ခံချက် (http://visaonline.dica.gov.mm)မှာ လျှောက်ထားလာပါက လက်ခံဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အသိပေးထားသည်။

Source: http://sdtimedaily.com/

## တစ်လအတွင်း ဆန်တစ်အိတ် ကျပ် ၁၀၀၀၀ ဝန်းကျင် ဈေးထပ်တက် ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၉၃၀၀၀ အထိ ဖြစ်လာ

ပြည်တွင်း ဆန်ဈေးကွက်၌ တစ်လအတွင်း ဆန်အမျိုးအစားအလိုက် ဈေးနှုန်းများ ထပ်မံမြင့်တက်လာပြီး မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ထုတ်ပြန်သည့်ဈေး၌ပင် ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၉၃၀၀၀အထိ ဖြစ်လာကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ထုတ်ပြန်သည့် ဆန်ဈေးနှုန်းများအရ ပြီးခဲ့သည့် ဩဂုတ် ဒုတိယပတ်နှင့် ယခု စက်တင်ဘာဒုတိယပတ်တို့ နှိုင်းယှဉ်ပါက ဆန်အမျိုးအစားအလိုက် တစ်အိတ်လျှင် ကျပ်တစ်သောင်းဝန်းကျင်ခန့် ထပ်မံမြင့်တက်လာခြင်းဖြစ်သည်။ ပြီးခဲ့သည့် ဩဂုတ် ဒုတိယပတ်က အကောင်းစား ဖျာပုံပေါ်ဆန်းဆန် တစ်အိတ်လျှင် ကျပ် ၅၈၀၀၀၊ တောင်ပျံတစ်အိတ်လျှင် ကျပ် ၆၈၀၀၀၊ ရက် ၉၀ တစ်အိတ်လျှင် ကျပ် ၄၄၀၀၀၊ မြောင်းမြပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၆၃၀၀၀ နှင့် ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၈၇၀၀၀ ရှိခဲ့ကြောင်း သိရသည်။

Source: http://sdtimedaily.com/

## မြေပဲဆန်ဈေးကောင်းနေသဖြင့် ဧရာဝတီမြစ် ကျွန်းစိုက်ခင်းများတွင် တိုးချဲ့စိုက်ပျိုးလာ




ဧရာဝတီမြစ်ရှိ ကျွန်းစိုက်ခင်းများတွင် မြေပဲအပါအဝင် ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးလေ့ရှိရာ ယခုစက်တင်ဘာလဆန်းပိုင်း ရေကျချိန်တွင် မြေပြင်လုပ်ငန်းများကိုစတင်ကာ မြေပဲစိုက်ပျိုးရန် ပြင်ဆင်လျက်ရှိကြောင်း တောင်သူများထံက သိရသည်။

နှစ်စဉ်စက်တင်ဘာလ ရေကျချိန်တွင် မြေပြုပြင်ကာ လလယ်ပိုင်းခန့်တွင် မြေပဲမျိုးချပြီး ဒီဇင်ဘာလကုန်တွင် မြေပဲနုတ်သိမ်းကြလေ့ရှိရာ ယခင်နှစ်က မြေပဲဆန်ဈေး စံချိန်တင်ဈေးကောင်းရရှိခဲ့သဖြင့် ယခုနှစ်တွင် မြေပဲကို တိုးချဲ့စိုက်ပျိုးရန်ပြင်ဆင်နေကြောင်း ပုသိမ်ကြီးမြို့နယ် သံဘိုကျွန်းကျေးရွာမှာ ဦးခင်မောင်ရင်ကပြောသည်။

ယခုနှစ် စိုက်ပျိုးစရိတ်များ ကြီးမြင့်လာသဖြင့် မြေပဲတစ်ဧက စိုက်ပျိုးစရိတ် ကျပ်ငါးသိန်းမှ ကျပ်ခုနစ်သိန်းခန့် ကုန်ကျနိုင်ကြောင်းနှင့် အထွက်နှုန်းအား မြေပဲဆန် ပိဿာ ၂၀၀ မှ ၅၀၀ ထိ မျှော်မှန်းထားကြောင်းသိရသည်။ "နှစ်စဉ် စက်တင်ဘာ၊ အောက်တိုဘာ ရေကျတာနဲ့မြေပြင်ပြီး မန္တလေးဈေးကွက်ကိုရောင်းဖို့ ဟင်းသီးဟင်းရွက်တွေ အများဆုံးစိုက်ပျိုးတာပါ။ မနှစ်က မြေပဲဈေးကောင်းတော့ စိုက်ကြတာ ဈေးကောင်းမီလိုက်ကြတယ်။ ဒီနှစ်လည်း ဈေးကောင်းရနေတဲ့ မြေပဲကို တိုးချဲ့စိုက်ပျိုးဖို့ပြင်ဆင်နေပါတယ်။

"ကျွန်းမြေဖြစ်လို့ ဓါတ်မြေဩဇာမသုံးလဲ စိုက်ပျိုးလို့ရပါတယ်။ မြေပဲဈေးကောင်းတော့ မျိုးမြေပဲဈေးကလည်း မြင့်တက်လာပါတယ်။ မနှစ်ကထက်ကို မျိုးမြေပဲဈေးက နှစ်ဆမြင့်တက်လာလို့ မျိုးဈေးက ပိဿာ ၁၀၀ ကို ကျပ် ၇၀၀,၀၀၀ ဈေးဖြစ်နေပါတယ်။ မျိုးဈေးကောင်းနေလို့ တိုးစိုက်ပျိုးဖို့ ချိန်ဆနေရပါတယ်။ မြေပြင်စရိတ်ကလည်း ဆီဈေးမြင့်တက်နေလို့ တစ်ဧကတစ်ထပ်ပြင်စရိတ်ကို ကျပ်တစ်သိန်း၊ နှစ်ထပ်ဆိုတော့ ကျပ်နှစ်သိန်းကုန်ကျပါတယ်။ မျိုးဈေးနဲ့ နောက်ပိုင်း ပိုးသတ်ဆေးဖျန်းစရိတ်ပေါင်းရင် ကျပ်ခုနစ်သိန်းနီးပါး ကုန်ကျပါတယ်။ အထွက်နှုန်းကတော့ ကောင်းရင်ကောင်းသလို မြေပဲဆန်ပိဿာ ၅၀၀ ထိရသလို အထွက်မကောင်းရင်တော့ ပိဿာ ၂၀၀ ပဲရတာလည်းရှိပါတယ်"ဟု ၎င်းကပြောသည်။

မြေနုကျွန်းများတွင် မြေပဲအပြင် ချဉ်ပေါင်၊ ခရမ်း၊ ကြက်ဟင်းခါး၊ မုန်လာဥ၊ နံနံ၊ ဘူးသီး၊ ကန်စွန်းဥ၊ သခွားသီး၊ ငရုတ်၊ ကိုက်လန်၊ မုံညှင်းဖြူများကို ဈေးကွက်လိုအပ်ချက်အရ ချိန်ဆစိုက်ပျိုးလေ့ရှိကြောင်း သိရသည်။

**Source: Myanma Awba**

## စက်တင်ဘာလ ၁၂ မှ ၁၆ ရက်နေ့ထိ ဈေးကွက်ဈေးနှုန်းသုံးသပ်ချက်

**မတ်ပဲ**

မတ်ပဲကတော့ ပြီးခဲ့တဲ့ အပတ်နဲ့ယှဉ်ရင် ဈေးမြင့်တက်လာပါတယ်။ တစ်ပတ်အတွင်းမှာတော့ ငွေကြေးလဲလှယ်ဈေးနှုန်းကျဆင်းသွားတဲ့အတွက် ဈေးက သိန်း ၂၀ အောက် ပြန်လည်ကျဆင်းသွားပေမယ့် အိန္ဒိယတင်ပို့မှု ပြည်တွင်းဝယ်ယူရောင်းချမှု ပုံမှန်ရှိနေတဲ့အတွက် ဈေးက ပြန်တက်လာပါတယ်။

အိန္ဒိယဝယ်ယူမှုက ရှိနေတာ ဖြစ်တဲ့အတွက် မတ်ပဲဈေးကတော့ ဆက်ပြီးကျနိုင်ခြေနည်းတယ်လို့ ကုန်သည်အချို့ကတော့ ဆိုပါတယ်။ ဈေးကွက်အခြေအနေအရ အဝယ်များ အရောင်းများလာရင် ဈေးကျဆင်း နိုင်လို့ ထိန်းရောင်းဝယ်ကျရန်လိုအပ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲက တစ်တန်ကို ၂၀၅၀၀၀၀ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် ၄ သောင်းလောက် တက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ မတ်ပဲက တစ်အိတ်ကို ၁၉၅၀၀၀ ကနေ ၁၉၈၀၀၀ ကြား ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၃၀၀၀ လောက်ဈေးပြန်တက်လာပါတယ်။ မြင်းခြံဈေးကွက်၊ မုံရွာဈေးကွက်၊ အောင်လံဈေးကွက်၊ မော်လမြိုင်ဈေးကွက်၊ ပြည်ဈေးကွက်တို့မှာ မတ်ပဲက တစ်တင်းကို ၆၃၀၀၀ ကနေ ၆၇၅၀၀ ကြား ပေါက်ဈေးရှိနေပြီး တစ်တင်းကို ၂၅၀၀ လောက် ဈေးပြန်တက်လာပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီဈေးကလည်း ပြန်တက်လာပါတယ်။ ငွေကြေးလဲလှယ်ဈေးနှုန်း ကျဆင်းမှုနဲ့အတူ ပစ္စည်းလက်ကျန် နည်းပါးတဲ့အတွက် အရောင်းအဝယ်ပါးပြီး တစ်ပတ်အတွင်းမှာတော့ အတက်အကျ တည်ငြိမ်မှုမရှိပါဘူး။ အချို့ဒေသတွေမှာတော့ ဈေးဖွင့်ထားပေမယ့် အရောင်းအဝယ်ကတော့ မရှိဘူးလို့ သိရပါတယ်။

အိန္ဒိယတင်ပို့မှုကရှိနေတာဖြစ်လို့ ပစ္စည်းလက်ကျန်လျော့နည်းတဲ့ ပဲစင်းငုံနီဈေးက ကျဆင်းနိုင်ခြေနည်းတယ်လို့ ကုန်သည်တွေက ဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ပဲစင်းငုံနီက တစ်တန်ကို ၂၁၁၅၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင်တော့ တစ်တန်ကို ၅ သောင်းကျော်လောက် ဈေးပြန်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၁၉၅၀၀၀ ကနေ ၁၉၈၀၀၀ ကြားပေါက်ဈေးရှိနေပြီး ပစ္စည်းမရှိတဲ့အတွက် ဈေးငြိမ်နေတယ်လို့သိရပါတယ်။

နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ၊ မြင်းခြံနှင့်မုံရွာတို့မှာတော့ တစ်တင်းကို ၆၄၀၀၀ ကနေ ၆၆၅၀၀ ကြား ပေါက်ဈေးရှိနေပြီး တစ်တင်းကို ၁၀၀၀ ကျော်လောက်ဈေးပြန်တက်လာပါတယ်။

**ပဲတီစိမ်း**

အတက်ဈေးနဲ့ ဈေးမြင့်တက်ခဲ့တဲ့ ပဲတီစိမ်းကတော့ ဈေးငြိမ်သွားပါတယ်။ တရုတ်ဝယ်ယူမှု အေးသွားပြီး ပြည်တွင်းငွေလဲလှယ်နှုန်း ကျဆင်းသွားတဲ့အတွက်ကြောင့်လဲ ဖြစ်ပါတယ်။ ပဲတီစိမ်းက ပြီးခဲ့တဲ့ ၅ လ အတွင်း အခြားပဲတွေနဲ့ ယှဉ်လိုက်ရင် ပြည်ပတင်ပို့မှု အများဆုံးပဲဖြစ်တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲတီစိမ်း (ခရမ်းရွှေဝါ)ကတော့ တစ်ပိဿာကို ၃၁၆၅ ကနေ ၃၅၀၀ ကျပ်၊ ပဲတီစိမ်း (ပဲခူးရွှေဝါ) ကတော့ တစ်ပိဿာကို ၃၀၀၀ ကနေ ၃၁၇၀ ကျပ် ၊ ပဲတီစိမ်း (ဝါးခယ်မ) ကတော့ တစ်ပိဿာကို ၂၅၈၀ ကနေ ၂၇၅၀ ပေါက်ဈေးနဲ့ ဈေးငြိမ်ပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲတီစိမ်းက ၃ တင်းဝင်တစ်အိတ်ကို ၁၃၀၀၀၀ ကနေ ၁၆၀၀၀၀ ကြားပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀၀ ကျပ် ဈေးကျဆင်းပါတယ်။

နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ၊ မုံရွာ၊ ပြည်၊ မော်လမြိုင်တို့မှာတော့ တစ်တင်းကို ၅၁၀၀၀ ကနေ ၅၂၀၀၀ ကြားပေါက်ဈေးရှိပြီး ၂၀၀၀ ကျပ်လောက် ဈေးကျဆင်းပါတယ်။

ပဲတီစိမ်းက ပြီးခဲ့တဲ့နှစ် ကာလတူအခြေအနေနဲ့နှိုင်းယှဉ်ရင် တစ်ပိဿာကို ၁၀၀၀ ကျပ်လောက် ဈေးမြင့်တက်ခဲ့ပါတယ်။ ကြီးမြင့်လာတဲ့ အထွေထွေကုန်ကျစရိတ်၊ ဖောင်းပွလာတဲ့ မြန်မာငွေကျပ်တန်ဖိုးများနဲ့ယှဉ်ရင်တော့ ပဲတီစိမ်းဈေးက တက်လာတယ်လို့ သတ်မှတ်လို့မရပါဘူး။

**ပြောင်းဆန်**

ထိုင်းနိုင်ငံကို အခွန်ကင်းလွတ်ခွင့်နဲ့ ဩဂုတ်လကုန်အထိတင်ပို့ခဲ့ပြီး နောက်မှာတော့ ပြောင်းဈေးက ဆက်တိုက်ပြန်မြင့်တက်လာခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကနေတဆင့် ဖိလစ်ပိုင်နိုင်ငံကို တင်ပို့မှုရှိနေတဲ့အတွက် ဈေးကမြင့်တက်လာခဲ့တာ ဖြစ်ပါတယ်။ လက်ကျန်လည်း လျော့နည်းနေပြီဖြစ်တဲ့အတွက် ထိုင်းနိုင်ငံတင်ပို့မှုကတော့ လျော့နည်းနေတယ်လို့ ပြောင်းအသင်းက တာဝန်ရှိသူတစ်ဦးကဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပြောင်းဆန်က တစ်ပိဿာကို ၁၀၈၀ ကနေ ၁၁၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၀ ကျပ် ဈေးတက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ စီပီပြောင်းက တစ်အိတ်ကို ၅၃၀၀၀ ကနေ ၅၄၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ ကျပ် ဈေးတက်လာပါတယ်။ အခြားပြောင်းနီ၊ ရှမ်းပြောင်း၊ ဗမာပြောင်းတို့ကလည်း တစ်အိတ်ကို ၂၀၀၀ လောက် ဈေးတက်လာပါတယ်။ မုံရွာဈေးကွက်မှာတော့ စီပီပြောင်းက တစ်တင်းကို ၁၇၅၀၀ ကနေ ၁၇၈၀၀ ကြားပေါက်ဈေးနဲ့ အရောင်းအဝယ်ရှိနေပါတယ်။

**ကြက်သွန်နီ**

ကြက်သွန်နီကတော့ ဈေးငြိမ်နေရာမှ ဒီတစ်ပတ်မှာတော့ ဈေးကကျဆင်းလာပါတယ်။ အဝင်ကတော့ ပုံမှန်ရှိနေပေမယ့် အသစ်တွေ ဈေးကွက်ထဲဝင်ရောက်မှုများနေလို့ ဈေးချရောင်းချဝယ်ယူမှုတွေရှိနေပြီး ဈေးကျဆင်းသွားတာဖြစ်တယ်လို့ သိရပါတယ်။

ပြည်ပဝယ်ယူမှုကလည်း မရှိတဲ့အတွက် ကြက်သွန်နီက ဈေးတွေထပ်ပြီး မတက်လာတာဖြစ်တယ်လို့ ကုန်သည်တွေက ဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာ ကြက်သွန်နီ (ဆိပ်ဖြူ၊ မုံရွာ) က တစ်ပိဿာကို ၂၄၀၀ ကနေ ၃၂၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၅၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။

မော်လမြိုင်ဈေးကွက်မှာတော့တစ်ပိဿာကို ၂၇၀၀ ကနေ ၃၀၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၆၀၀ ကျပ်ဈေးကျဆင်းသွားပါတယ်။

**ငရုတ်**

ငရုတ်ဈေးတွေကတော့ ပစ္စည်းလက်ကျန်လျော့နည်းလာပြီး ထိုင်းနဲ့တရုတ် ဝယ်ယူမှုတွေရှိနေတဲ့အတွက် ဈေးက မြင့်တက်လာပါတယ်။ မကြာခင် ငရုတ်အသစ်တွေ ဈေးကွက်ထဲဝင်ရောက်လာတော့မှာဖြစ်လို့ ငရုတ်အခြောက်ဈေးနှုန်းတွေ မြင့်တက်လာတာဖြစ်တယ်လို့လည်း သိရပါတယ်။

ဆင်ဖြူကျွန်းငရုတ်ကတော့ တစ်ပိဿာကို ၁၂၀၀၀ ကနေ ၁၄၀၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၀၀၀ကျပ်၊ မြစ်ဝငရုတ်ကတော့ တစ်ပိဿာကို ၁၈၀၀၀ ကနေ ၁၉၀၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၄၀၀၀ ကျပ်၊ ကျောက်ဆည်ဒီမွန်ကတော့ တစ်ပိဿာကို ၁၈၅၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၅၀၀ ကျပ်၊ ငရုတ်မြွားနီကတော့ တစ်ပိဿာကို ၁၈၅၀၀ ကနေ ၁၉၅၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၅၀၀ ကျပ် အသီးသီးဈေးတက်လာပါတယ်။

မော်လမြိုင်ဈေးကွက်မှာ ငရုတ်က တစ်ပိဿာကို ၁၈၀၀၀ ကနေ ၁၉၀၀၀ ကြားပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၀၀၀ ကျပ် ဈေးတက်လာပါတယ်။ စက်တင်ဘာလဆန်းပိုင်းလောက်ကတည်းက ဈေးတွေ ပြန်လည်မြင့်တက်လာတာဖြစ်ပြီး တစ်ပိဿာကို ၂၀၀၀ ကနေ ၅၀၀၀ ကြားဈေးမြင့်တက်လာပါတယ်။

**AMIA**

**Source: htwettoe**

## ဒေသဆိုင်ရာအမှတ်အသားထွက်ကုန်များကို ကမ္ဘာ့ထိပြန့်အောင် လုပ်ဆောင်လာသည့်ဟိုင်နန်

မကြာသေးမီနှစ်များအတွင်း တရုတ်၏ တောင်ဖက်စွန်းရှိ ဟိုင်နန်ပြည်နယ်သည် ပထဝီဝင်အမှတ်အသားဖြစ်သည့် ဒေသဆိုင်ရာညွှန်းကိန်း (GI) သတ်မှတ်ခြင်းနှင့် အသုံးပြုခြင်းကို မြှင့်တင်လာနေသည်။

ကျေးလက်ဒေသ၏ ရှင်သန်မှုကိုမြှင့်တင်ဖို့ ဒေသဆိုင်ရာ လက္ခဏာအမှတ်တံဆိပ်များကို ဖန်တီးခဲ့သည်။ မြန်မာတွင် ဆိုလျှင် ပင်လောင်းလဖက်ခြောက်၊ အောင်ပန်းလိမ္မော်၊ ပုသိမ်ဟာလဝါ၊ မန္တလေးထိုးမုန့် စသည့် စားသုံးသူအများ ယုံကြည်စိတ်ချထားသည့် ထုတ်ကုန်မျိုးကို GI ဟုခေါ်ကြောင်း မူပိုင်ခွင့် ကျွမ်းကျင်သူတစ်ဦးကပြောပြသည်။

၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ဟိုင်နန်သည် GI သတ်မှတ်ခြင်းကို ထုတ်ပြန်ခဲ့သည်။ စံချိန်စံညွှန်းစနစ်၊ စစ်ဆေးခြင်းနှင့် စမ်းသပ်ခြင်းစနစ်အပြင် GI ထုတ်ကုန်များ၏ အရည်အသွေးအာမခံမှုစနစ် တိုးတက်လာစေရန် အာရုံစိုက်ကာ GI အကျိုးကျေးဇူးရှိသော စက်မှုလုပ်ငန်းများကို ပြုစုပျိုးထောင်ရန် ကြိုးပမ်းလျက်ရှိသည်။

ယနေ့အထိ ပြည်နယ်တွင် GI ထုတ်ကုန် ၁၁၆ ခုရှိသည်။ လက်ရှိတွင် Sanya သရက်သီးသည် စိုက်ပျိုးဧရိယာ ၃၆၀,၀၀၀ mu (ဟက်တာ ၂၄,၀၀၀) ကျော်ရှိပြီး တစ်နှစ်လျှင် အထွက်တန်ဖိုး ယွမ် ၆ ဘီလီယံနီးပါး (ဒေါ်လာ ၈၆၁ သန်း) ရှိသည်။

စိုက်ပျိုးဧရိယာ ၉၆၀၀ mu နှင့် နှစ်စဉ်ထွက်ကုန်တန်ဖိုး ယွမ် ၁.၂ ဘီလီယံရှိသည်။ ဤထုတ်ကုန်များကို ပြည်တွင်းအပြင် ဂျပန်၊ တောင်ကိုရီးယား၊ ဥရောပ၊ အမေရိကနှင့် အခြားနိုင်ငံများနှင့် ဒေသများသို့ရောင်းချသည်။

ထို့အတူ Wenchang ကြက်သည် ဟိုင်နန်၏ "ကျော်ကြားသောဟင်းပွဲလေးမျိုး"တွင် လူသိများရာမှ ၂၀၀၄ ခုနှစ်တွင် GI ထုတ်ကုန်အဖြစ် အသိအမှတ်ပြုခံရလာခဲ့သည်။ နှစ်စဉ် ကြက်ကောင်ရေ ၅၇.၁၃သန်း ထွက်ရှိကာ နှစ်စဉ်ထွက်ကုန်တန်ဖိုး ယွမ် ၂.၄ ဘီလီယံဖြင့် မွေးမြူရေးခြံပေါင်း ၁၈၀၀ ကျော်အထိ တိုးလာခဲ့သည်။

**Ref: ehainan.gov.cn**

**Source: Popular News Journal**

## ဩဂုတ်လ တစ်လအတွင်း ဓာတ်မြေဩဇာတန်ချိန် ၁ သိန်း ကျော်တင်သွင်းခဲ့




ဩဂုတ်လတစ်လအတွင်း ပြည်ပနိုင်ငံတွေကနေ အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၆၀၇ သန်း တန်ဖိုးရှိတဲ့ ဓာတ်မြေဩဇာတန်ချိန်ပေါင်း ၁သိန်း ၂ ထောင် တင်သွင်းမှုပြုလုပ်ခဲ့တယ်လို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကနေ သိရပါတယ်။

ပင်လယ်ရေကြောင်းကနေ အမေရိကန်ဒေါ်လာ ၄၆ဒသမ၁၂၉သန်း တန်ဖိုးရှိတဲ့ ဓာတ်မြေဩဇာ တန်ချိန်ပေါင်း ၈၈၀၀၀ ကျော် တင်သွင်းမှုပြုခဲ့ပြီး နယ်စပ်ကနေ အမေရိကန် ဒေါ်လာ ၇ ဒသမ ၄၇၈ သန်း တန်ဖိုးရှိတဲ့ ဓာတ်မြေဩဇာ တန်ချိန်ပေါင်း ၁၄၀၀၀ ကျော် တင်သွင်းမှုပြုလုပ်ခဲ့တာပါ။

ပင်လယ်ရေကြောင်းကနေ တင်သွင်းမှုမှာ တရုတ်နိုင်ငံကနေ တန်ချိန်ပေါင်း ၅၅၀၀၀ ကျော်နဲ့ အများဆုံး တင်သွင်းခဲ့တာ ဖြစ်ပြီး အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံကနေ တန်ချိန် ၁၁၀၀၀ကျော်၊ ဗီယက်နမ်က တန်ချိန် ၁၀၀၀၀ ကျော်၊ ထိုင်းက တန်ချိန် ၆၀၀၀ခန့်၊ တောင်ကိုရီးယားကတန်ချိန် ၃၀၀၀ ခန့်၊ အီရန်က တန်ချိန် ၂၀၀၀ ခန့် တင်သွင်းမှုပြုလုပ်ခဲ့ပါတယ်။

ဂျာမနီ၊ အင်ဒိုနီးရှား၊ အစ္စရေး၊ ဂျပန်၊ မလေးရှား၊ ပီရူးနိုင်ငံတွေကနေလည်း တင်သွင်းမှုပြုလုပ်ခဲ့ပါတယ်။ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကနေ တင်သွင်းမှုမှာ ထိုင်းနိုင်ငံကနေ တန်ချိန်ပေါင်း ၈၅၀၀ကျော်၊ အိန္ဒိယကနေ တန်ချိန်ပေါင်း

၃၅၀၀ကျော် နဲ့ တရုတ်နိုင်ငံကနေ တန်ချိန်ပေါင်း ၂၀၀၀ကျော် တင်သွင်းမှုပြုလုပ်ခဲ့ပါတယ်။ လက်ရှိစိုက်ပျိုးရာသီချိန်ကြောင့် ပြည်ပကနေပြည်တွင်းထဲကို ဓာတ်မြေသြဇာ တင်သွင်းမှုမြင့်တက်နေပြီး ဓာတ်မြေသြဇာဈေးနှုန်းတွေလည်း အမြင့်ဈေးမှာ ရှိနေတယ်လို့သိရပါတယ်။

ဤဆောင်းပါးအား Bloomberg Myanmar မှကူးယူဖော်ပြပါသည်။

Source: [htwettoe]

## မန္တလေး ပဲဈေးကွက်တွင် နယ်ပေါင်းစုံမှ မြေပဲဆန်ဝင်ရောက်လာမှုနှင့် ဆီစက်သမားများ ဝယ်ယူမှုနည်းခြင်းကြောင့် တစ်ပတ်အတွင်း မြေပဲဆန်တစ်ပိဿာလျှင် ကျပ် ၇၀၀ ခန့်ဈေးကျဆင်းပြီး မတ်ပဲ၊ ပဲစင်းငုံကို သဘော်တင်ပို့မှုရှိသောကြောင့် ဈေးကောင်းရနေ

မန္တလေးပွဲစား၊ ကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) ဈေးကွက်တွင် နယ်ပေါင်းစုံမှ မြေပဲဆန်ဝင်ရောက်လာမှုနှင့် ဆီစက်သမားများ ဝယ်ယူမှုနည်းခြင်းကြောင့် တစ်ပတ်အတွင်း မြေပဲဆန်ဈေး တစ်ပိဿာလျှင် ကျပ် ၇၀၀ခန့် ဈေးကျဆင်းနေပြီး မတ်ပဲ၊ ပဲစင်းငုံမှာ သဘော်တင်ပို့မှုရှိသောကြောင့် နိုင်ငံခြားငွေဈေး ကျဆင်းနေသော်လည်း ဈေးကောင်းနေသည်ဟု မန္တလေးမြို့မှ ပဲကုန်သည်များထံက သိရသည်။

"လောလောဆယ်က ဈေးကွက်မှာ မြေပဲဆန်ဈေးက ကျဆင်းနေတယ်။ အမြင့်ဆုံးမှ ၆၅၀၀ ဈေးရှိတာ၊ ပစ္စည်းညံ့တာဆို ၅၉၀၀ ဈေးရှိတယ်။ ဆီဆန်ဈေးဆို ၅၅၀၀ ကနေ ၆၀၀၀ ကြားဈေးရှိတယ်။ မြေပဲဆန်က နယ်ပေါင်းစုံမှဝင်ရောက်နေတာ ပြီးတော့ ဆီစက်သမားတွေ အဝယ်နည်းတာကြောင့် ဈေးကျတာပါ။ စားအုန်းဆီဈေးကကျတာလည်းပါတယ်။ မြေပဲဆန်ဈေး တစ်ပတ်အတွင်းကို တစ်ပိဿာ ကျပ် ၅၀၀ ကနေ ၇၀၀ လောက် ဈေးကျသွားတယ်လို့ ပြောလို့ရတယ်။ အရင်က အမြင့်ဆုံး ကျပ် ၇၄၀၀ ဈေးရှိတယ်။ အခုက ကျပ် ၆၅၀၀ ဈေး အမြင့်ဆုံးရှိတာပါ။ မတ်ပဲ၊ ပဲစင်းငုံက ဈေးတက်တယ်။ နိုင်ငံခြား ငွေဈေး ကျဆင်းပေမဲ့ ပဲဈေးတက်တယ်လို့ ပြောလို့ရမယ်။ အရောင်းအဝယ်ကောင်းကြတယ်။ ပဲစင်းငုံဈေးက တစ်အိတ်ကို ကျပ် ၂၀၀၀၀၀ ဈေးရှိတယ်။ မတ်ပဲဈေးလည်း ကျပ်၂၀၀၀၀၀ ဝန်းကျင်ရှိတယ်။ လိုင်းသမားတွေ အရောင်းအဝယ်ကောင်းနေကြတယ်။ နှမ်းဈေးလည်းဈေးမကျဘူး အလုပ်ဖြစ်တယ် ။ နှမ်းအညိုဆို ၂၅၀၀၀၀ ကနေ ၂၆၀၀၀၀ ဈေး၊ နှမ်းအဖြူ ၃၀၀၀၀၀ ကနေ ၃၃၀၀၀၀ ကြား ဈေးရှိတယ်။ စမုန်နှမ်းဈေး ၃၀၀၀၀၀ ကနေ ၃၄၀၀၀၀ ကြားဈေးရှိတယ်။ ပဲတီစိမ်းဈေးက တရုတ်လိုင်းဘက်မသွားဘူး။ လောလောဆယ် ရန်ကုန်ဘက်သွားနေတယ်။ ရန်ကုန်ဘက်က ဝယ်နေတာက ၁၄၀၀၀၀ ဈေးတန်းရှိတဲ့ ပဲကိုဝယ်နေတာပါ " ဟု မန္တလေးပွဲစား၊ ကုန်သည်စက်ပိုင်များ မဟာကထိန်တော် အသင်း(မန္တလေးကုန်စည်ဒိုင်) ပြန်ကြားရေး တာဝန်ခံက ပြောကြားသည်။

မန္တလေးကုန်စည်ဒိုင် မန္တလေးအထက်ပိုင်း ဧရာဝတီမြစ်ရိုးတစ်လျှောက်မှ ပြောင်းဖူးစေ့အသစ်များ ဈေးကွက်ထဲ ဝင်ရောက်နေပြီး တရုတ်ဝယ်လက်နှင့်မြဝတီနယ်စပ်သို့တင်ပို့မှုရှိပြီး တိရစ္ဆာန်အစာတောင့်စက်ရုံများမှ ဝယ်ယူမှုများရှိနေကြောင်း၊ မြေပဲဆန်အသစ်များ မန္တလေးကုန်စည်ဒိုင်ဈေးကွက်သို့ မကွေး ၊ နတ်မောက်၊ ကျောက်ပန်းတောင်းနယ်များမှ ပဲအသစ်များ ဝင်ရောက်နေကြောင်း ၊ ဈေးကွက်ထဲတွင် ပစ္စည်းလက်ကျန်ပဲများသာ ရောင်းဝယ်နေသောကြောင့် ကုလားပဲဈေး မြင့်တက်နေပြီး ပြည်ပတင်ပို့မရှိဘဲ ပြည်တွင်းသုံးလုပ်ငန်းရှင်များက ဝယ်ယူနေကြောင်း၊ ကုန်စည်ဒိုင်တွင် ပဲအသစ်များ ဝင်ရောက်မှုမရှိဘဲ လက်ကျန်လှောင်လက်ပဲများသာ အရောင်းအဝယ်ဖြစ်နေပြီး တရုတ်၊ အိန္ဒိယမှဝယ်နေ၍ ပြည်ပပို့ကုန်ပဲများ ဈေးမြင့်တက်နေကြောင်း သိရသည်။

**Source:** https://news-eleven.com/article/237460

## ဆားဈေးကွက်အတွင်း ဆားလက်ကျန်နည်းသည့်အတွက် ဈေးကောင်းပြန်လည်ရရှိလာ



https://www.myawady.net.mm/node/30406

မွန်ပြည်နယ် ဆားဈေးကွက်အတွင်း ဆားလက်ကျန်နည်းသည့်အတွက် ဈေးကောင်းပြန်လည်ရရှိလာကြောင်း မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်မှ ဆားလုပ်ငန်းလုပ်ကိုင်သူတစ်ဦး၏ ပြောဆိုချက်အရ သိရသည်။

ဩဂုတ်လဆန်းပိုင်းမှစတင်ကာ ဆားဈေး ပြန်လည်ကျဆင်းသွားပြီး ဆားဈေးကွက်အတွင်း ဆားလက်ကျန်နည်းသွားသည့်အတွက် ဈေးကောင်းပြန်လည်ရရှိလာခြင်းဖြစ်သည်။ လက်ရှိတွင် ဆားကြမ်းတစ်ပိဿာလျှင် ငွေကျပ် ၂၇၀ ရှိကြောင်းသိရသည်။ “ဆားဈေးပြန်တက်လာတယ်။ ဆားလက်ကျန် မရှိသလောက်နည်းသွားပြီ။ ဆားကို ဇန်နဝါရီလကနေ ဧပြီလလောက်အထိထုတ်တယ်။ ဖွန်လမှာ ပင်လယ်ငါးဖမ်းထွက်တော့ ရလာတဲ့ ငါးတွေထဲက ငါးလေးတွေကို ငါးပိလုပ်တော့ ဆားသုံးတာများတဲ့အတွက် ဆားလက်ကျန်နည်းပြီး ဈေးပြန်တက်လာတယ်”ဟု ၎င်းကပြောသည်။

မွန်ပြည်နယ်မှ ထွက်ရှိသည့်ဆားများကို မော်လမြိုင်၊ ရေး၊ ထားဝယ်၊ ကျိုက်ထို၊ ကရင်ပြည်နယ်နှင့် မြဝတီနယ်စပ်အထိ ဖြန့်ဖြူးပြီး မန္တလေးနှင့်တောင်ကြီးမြို့တို့သို့လည်း တင်ပို့ကြောင်းသိရသည်။

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပင‌ကျေးရွာ၌ ဆားကွင်းဧကပေါင်း ၂၉၀၀ ခန့်ရှိပြီး ရာသီဥတုကောင်းမွန်ပါက ပုံမှန်အားဖြင့် ဆားထုတ်လုပ်သည့်တစ်ရာသီတွင် ပိဿာချိန် သိန်း ၃၀၀ ခန့် ထွက်ရှိကြောင်း၊ မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်အတွင်း ပင‌ကျေးရွာအပြင် ကျိုက္ခမီ၊ စက်စဲနှင့် ဝဲကလောင်းကျေးရွာတို့၌လည်း ဆားလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/30406

## အိန္ဒိယသကြား ပထမအသုတ် တန်ချိန် ၅ သန်း တင်ပို့ခွင့်ပြုရန် လျာထား



https://www.foodindustrydirectory.com.mm

သကြားတင်ပို့မှု ကန့်သတ်ထားသော အိန္ဒိယသည် ပထမအသုတ်တွင် သကြား တန်ချိန် ၅ သန်း ပြန်လည်တင်ပို့ခွင့်ပြုရန် စီစဉ်ထားသည်။ အိန္ဒိယနိုင်ငံသည် အောက်တိုဘာလမှစတင်၍ သကြားတင်ပို့သည့် ရာသီအသစ်အတွက် ပထမဆုံး အသုတ်တွင် သကြားတန်ချိန် ၅ သန်း တင်ပို့ခွင့်ပြုရန် အဆင်သင့်ဖြစ်နေကြောင်း အစိုးရ သတင်းရင်းမြစ်နှစ်ခုက ရိုက်တာသတင်းဌာနကို ပြောကြားခဲ့သည်။

"လာမယ့် ရက်သတ္တပတ်များအတွင်း သကြားတန်ချိန် ၅ သန်း တင်ပို့ခွင့်ပြုဖို့ ရည်မှန်းထားပါတယ်။ လာမယ့်ကြံရာသီမှာ သကြားထုတ်လုပ်မှုအခြေအနေနဲ့ ပတ်သက်ပြီး ပိုသိလာတဲ့အခါ နောက်ထပ်တန်ချိန် ၃ သန်းကနေ ၅ သန်းအထိ တင်ပို့ဖို့ ကျွန်တော်တို့ ခွင့်ပြုပေးနိုင်ပါလိမ့်မယ်" ဟု အစိုးရအရာရှိတစ်ဦးက ပြောကြားသည်။

လာမည့်နှစ်တွင် ထုတ်လုပ်မှုနှင့်ပတ်သက်၍ သေသေချာချာ ရေရေရာရာသိဖို့ နည်းနည်းစောနေသေးသော်လည်း အစောပိုင်း ခန့်မှန်းချက်များအရ ၂၀၂၂-၂၃ တွင် သကြားအထွက်နှုန်းသည် ယခုနှစ်တွင် တန်ချိန် ၃၆ သန်းဝန်းကျင်သို့ ရောက်ရှိနိုင်ကြောင်း အဆိုပါအရာရှိက ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့ ရာသီသစ်စတင်ချိန်တွင် ယခင်ရာသီက သကြားစက်များ၏ လက်ကျန်မှာ တန်ချိန် ၆ သန်းရှိမည်ဟု ခန့်မှန်းရပါသည်။ ယခင်နှစ်က လက်ကျန် တန်ချိန် ၈ သန်း ရှိခဲ့ပါသည်။ "ပြည်တွင်းဝယ်လိုအား၊ အီသနော‌ထုတ်လုပ်မှုနှင့် သကြားစက်ရုံများရဲ့ နောက်နှစ်ရာသီချိန်အထိထားရှိရမယ့် လက်ကျန်ပမာဏ အသီးသီးတို့ကို တွက်ချက်ပြီးနောက် ၂၀၂၂-၂၃ နှစ်အတွင်း ပြည်ပတင်ပို့ဖို့ အိန္ဒိယမှာ သကြားအများကြီးရှိနေမှာပါ" ဟု ဒုတိယသတင်းရင်းမြစ်ကဆိုသည်။ "ဒါပေမဲ့လည်း ကောက်ပဲသီးနှံနဲ့ လယ်ယာထွက်ကုန်တွေကို ထိခိုက်စေတဲ့ ရာသီဥတုဖောက်ပြန်မှုပုံစံတွေကြောင့် တစ်ကြိမ်တည်းနဲ့ တန်ချိန် ၈ သန်း ဒါမှမဟုတ် ၉ သန်း တင်ပို့ခွင့်ကို ကျွန်တော်တို့ ခွင့်မပြုချင်ပါဘူး" ဟု ၎င်းက ပြောကြားသည်။ "ကျွန်တော်တို့ သတိထားရလိမ့်မယ်" ဟု သူက ဆက်ပြောပြသည်။

အိန္ဒိယပြည်တွင်းသကြားစားသုံးမှုမှာ တစ်နှစ်လျှင် တန်ချိန် ၂၇ ဒသမ ၅ သန်းခန့်ရှိသည်။ စက်ရုံများသည် ၂၀၂၂-၂၃ ရာသီတွင် သကြားတန်ချိန် ၄.၅ သန်းကို အီသနောထုတ်လုပ်မှုအတွက် သုံးစွဲရမည်။ သကြားစက်များတွင် လက်ကျန်ထားရှိရန်အတွက် တန်ချိန် ၆ သန်း လိုအပ်မည်ဖြစ်သည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/5009-india-suage.html

## STOCK EXCHANGE (19.9.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 19th Sep. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,500 | +100 | +1.06% | 9,300 | 9,500 | 9,300 | 640 | 6,076,000 | 33,109,694 | 314,542 |
| MTSH | 00002 | 3,350 | +100 | +3.08% | 3,300 | 3,400 | 3,300 | 3,355 | 11,116,600 | 38,929,150 | 130,413 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 20,500 | +0 | +0.00% | 20,500 | 20,500 | 20,500 | 15 | 307,500 | 2,472,053 | 50,677 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 5,100 | 14,280,000 | 12,823,224 | 35,905 |
| EFR | 00006 | 2,700 | +50 | +1.89% | 2,700 | 2,700 | 2,700 | 20 | 54,000 | 19,977,223 | 53,939 |
| AMATA | 00007 | 5,400 | -100 | -1.82% | 5,000 | 5,400 | 5,000 | 41 | 205,400 | 10,497,598 | 56,687 |


### Market summary

As of 19th Sep. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 415.78 | +4.12 | +1.00% | 412.78 | 416.89 | 407.86 | 9,171 | 32,039,500 | 7 | 723,291 |

**Index chart**




## Market Overview

### Main Board

As of 1:00 pm, 19th Sep. 2022

| MYANPIX | 415.78 ▲ 4.12 |
|---|---|
| Total Volume (shares) | 9,171 |
| Total Value (MMK) | 32 mil |
| Listed Company | 7 |
| Market Cap. (MMK) | 723,291 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,500 | ▲ 100 |
| MTSH | 00002 | 3,350 | ▲ 100 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 20,500 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 50 |
| AMATA | 00007 | 5,400 | ▼ 100 |